# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သောလုပ်ငန်းများကြီးကြပ်ရေးကော်မတီ
## အမိန့်ကြော်ငြာစာအမှတ် ( ၆၀ / ၂၀၁၉ )
## ( ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက် )
## ( ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် )

၂၀၂၀ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခြင်းတွင် ထုတ်လုပ်သည့်ခုနှစ် သတ်မှတ်ခြင်းကို မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သောလုပ်ငန်းများကြီးကြပ်ရေးကော်မတီ၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

## ၂၀၂၀ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ် တင်သွင်းခြင်းတွင် ထုတ်လုပ်သည့်ခုနှစ် သတ်မှတ်သည့် အမိန့်ကြော်ငြာစာ

၁။ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများကြီးကြပ်ရေးကော်မတီ မှ ၂၀၂၀ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ် တင်သွင်းခြင်းတွင် ထုတ်လုပ်သည့်ခုနှစ်အား အောက်ဖော်ပြပါအတိုင်း သတ်မှတ်လိုက်သည် -

(က) **ယာဉ်အို/ယာဉ်ဟောင်းအစီအစဉ် ( Consignment စနစ်အပါအဝင် )**

(၁) လူစီးမော်တော်ယာဉ်များ ( ၁၃၅၀ စီစီနှင့်အောက်လူစီးယာဉ်များအပါအဝင်) - ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း (ဘယ်မောင်း)

(၂) ကုန်တင်ယာဉ်များ - ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း (ဘယ်မောင်း)

(၃) ခရီးသည်တင်ယာဉ်များ (Mini Bus/ City Bus / Express Bus) - ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း (ဘယ်မောင်း)

(ခ) **လူပုဂ္ဂိုလ်တစ်ဦးချင်းအစီအစဉ်**

(၁) လူစီးမော်တော်ယာဉ်များ (၁၃၅၀စီစီနှင့်အောက်လူစီးယာဉ်များအပါအဝင်)- ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း (ဘယ်မောင်း)

(၂) ကုန်တင်ယာဉ်များ - ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း (ဘယ်မောင်း)

(၃) ခရီးသည်တင်ယာဉ်များ (Mini Bus/ City Bus / Express Bus) - ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း (ဘယ်မောင်း)

(ဂ) **ပုံမှန်လိုင်စင်ဖြင့် မော်တော်ယာဉ်လျှောက်ထားမှု ( FOC စနစ်ဖြင့် ပြည်ပမှ လှူဒါန်းသည့် မော်တော်ယာဉ်ပါမစ်လျှောက်ထားမှုအပါအဝင်)**

(၁) လူစီးမော်တော်ယာဉ်များ- ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း (ဘယ်မောင်း)

(၂) လုပ်ငန်းသုံးယာဉ်များ - ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း (ဘယ်မောင်း)

(၃) ယန္တရားများ - ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း

(၄) မီးသတ်ယာဉ် - ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း (ဘယ်မောင်း)

(၅) လူနာတင်ယာဉ် - ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း (ဘယ်မောင်း)

(၆) နိဗ္ဗာန်ယာဉ် - ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း (ဘယ်မောင်း)

(၇) သာသနာရေးဆိုင်ရာယာဉ်များ - ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း (ဘယ်မောင်း)

(၈) ခရီးသည်တင်ယာဉ်များ (Mini Bus/ City Bus / Express Bus)- (၂၀၁၆ ခုနှစ်မှ ၂၀၂၀ခုနှစ်အတွင်း) (ဘယ်မောင်း)

(ဃ) **အစိုးရဌာနများမှ မော်တော်ယာဉ်လျှောက်ထားမှု**

(၁) လူစီးမော်တော်ယာဉ်များ - ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း (ဘယ်မောင်း)

(၂) လုပ်ငန်းသုံးယာဉ်များ - ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း (ဘယ်မောင်း)

(၃) ယန္တရားများ - ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း

(၄) ခရီးသည်တင်ယာဉ်များ (Mini Bus/ City Bus / Express Bus)- (၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း) (ဘယ်မောင်း)

**မှတ်ချက်။** (က) နိုင်ငံတော်အတွက်လှူဒါန်းသည့် မီးသတ်ယာဉ်နှင့် လူနာတင်ယာဉ်များလျှောက်ထားရာတွင် ၂၀၀၆ ခုနှစ်မော်ဒယ်အထိသာ လက်ခံဆောင်ရွက်ပေးပါမည်။ နိုင်ငံတော်အတွက် လှူဒါန်းသည့် မီးသတ်ယာဉ်နှင့်လူနာတင်ယာဉ်များအတွက် လက်ဝဲစတီယာရင်အပြင် လက်ယာစတီယာရင်များပါ တင်သွင်းခွင့်ပြုမည်။

(ခ) အများပြည်သူသုံးလမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်း မရှိသည့် Excavator, Bulldozer, Wheel Loader, Vibratory Roller, Clamp Loader, Motor Grader, Road Roller Compactor, Bridge Crane, Gantry Crane, Tower Crane, Pilling Machine, Crawler Drill/Crane, Overhead Travelling Crane, Mobile Crane, Rough - Terrain Crane, Forklift, Boom Lift, Asphalt Finisher (ကတ္တရာခင်းစက်)စသည့် လုပ်ငန်းသုံးယန္တရားများအား လွန်ခဲ့သော (၁၅)နှစ်အတွင်း ထုတ်လုပ်သည့်ယာဉ်များအဖြစ် တင်သွင်းခွင့်ပြုပါမည်။

(ဂ) နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများမှ ဝယ်ယူခြင်းအတွက် အထက်အပိုဒ် (၁)၊ (က) နှင့် (ခ) ပါ သတ်မှတ်ချက်အတိုင်း အရောင်းစင်တာ/အရောင်းပြခန်းမှ ဝယ်ယူခွင့်ပြုပါမည်။

( ပုံ )

ဒေါက်တာသန်းမြင့်

ဥက္ကဋ္ဌ

မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သော

လုပ်ငန်းများကြီးကြပ်ရေးကော်မတီ

စာအမှတ် ၊ စက - ၁၁/ ၂ - ၃၇ / ၂၀၁၉ ( ၁၅ )

ရက်စွဲ ၊ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံး

အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ် | } မြန်မာနိုင်ငံပြန်တမ်းတွင် |
| ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | } ထည့်သွင်းကြေညာပေးပါရန် |

မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း

မြန်မာနိုင်ငံတရားဝင်အသိအမှတ်ပြုမော်တော်ယာဉ်ဖြန့်ဖြူးရောင်းချသူများအသင်း

ဥက္ကဋ္ဌ၊ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ညီနောင်အသင်းအဖွဲ့များထံထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ )

အမိန့်အရ

အောင်စိုး

အတွင်းရေးမှူး

မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သော

လုပ်ငန်းများကြီးကြပ်ရေးကော်မတီ